**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့(၂၈.၂.၂၀၁၂)ရက်နေ့တွင် ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ**

ဥက္ကဋ္ဌ။ ပြည်ယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနုက ဒုတိယအဆိုဖြစ်တဲ့ "ပြည်နယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ် လုပ်ကိုင်သူများ၏ တစ်ပိုင် တစ်နိုင်အသေးစားထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာ ပြည်နယ်အစိုးရမှ လိုအပ်သလို စိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်သင့်ပါကြောင်း"အဆိုကို လွှတ်တော်သို့ ပေးပို့လာပါ တယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနုက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနု(ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား -

ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ဒီကနေ့ပြုလုပ်ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးမှာ "သတ္တုရှာဖွေဖော်ထုတ်မှုခွင့်ပြုရေး"နဲ့ ပတ်သက်ပြီး အဆိုပြုတင်ပြသွားမှာ ဖြစ် ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဟာ မိမိဒေသအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် လုပ်ငန်းစဉ်များချမှတ်ပြီး၊ ကော်မတီများဖွဲ့စည်းကာ အကောင် အထည်ဖော် ဆောင်ရွက်လျှက်ရှိကြောင်း သိရှိရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အောင်မြင်ထိရောက်မှု ရှိစေရေးအတွက် ပြည်နယ်အစိုးရမှာ ဘဏ္ဍာငွေတောင့်တင်းခိုင်မာဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ မြေပေါ်မြေအောက် သံယံဇာတပေါကြွယ်ဝတဲ့ ဒေသတစ်ခုဖြစ်တဲ့ အားလျော်စွာ ပြည်နယ်အတွင်းရှိ သံယံဇာတများကို ဥပဒေနှင့်အညီ ထုတ်လုပ်ခွင့်များ ချမှတ်ပေးပြီး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ သတ်မှတ်တန်ဖိုးသင့် အခွန်အခငွေများ ထည့်ဝင်စေချင်းဖြင့် ရန်ပုံငွေများ ပိုမိုရရှိစေနိုင်မှာ ဖြစ်ပါတယ်။

မိမိတို့ရှမ်းပြည်နယ်ဒေသအတွင်းရှိ သတ္တုများကို စမ်းသပ်ရှာဖွေဖော်ထုတ်ခွင့်များ လျှောက်ထား လာကြကြောင်း သိရှိရပါတယ်။ ဒီလိုလျှောက်ထားလာရာမှာ အချို့သော လုပ်ငန်းများဟာ ရာသီဥတုအရ ကာလကန့်သတ်ချက်များ ရှိနေတတ်သည်ကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ရွှေ၊ ခနောက်စိမ်းစသော သတ္တုများစမ်းသပ်ရှာဖွေ ဖော်ထုတ်ခွင့်လျှောက်ထားသော တစ်ပိုင် တစ်နိုင် အငယ်စားထုတ်လုပ်ခွင့်များအား အချိန်နှင့်တပြေးညီစိစစ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ မှ ဆောင်ရွက်ခွင့်ပေးသင့်ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**[ ဩဘာသံများ ]**

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။ လေးစားအပ်ပါသော ဦးစိုင်းကမ်(မိုင်းရှူးမဲဆန္ဒနယ်အမှတ်-၂)။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကမ်ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု တင်သွင်းချက်အဆိုများကို ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ **[ ဩဘာသံများ ]**

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းနု တင်သွင်းသော အဆိုကို ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "ပြည်နယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ်လုပ်ကိုင်သူများ၏ တစ်ပိုင်တစ်နိုင်အသေးစားထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာ ပြည်နယ်အစိုးရမှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်သင့်ပါကြောင်း" အဆိုဖြစ်ပါတယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက -

" သဘောတူပါသလား ခင်ဗျား။ "

**[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်]**

ဥက္ကဋ္ဌ ။ အဆိုကို လက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းနုရဲ့ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာအပ်ပါတယ်။ **[ဩဘာသံများ]**

ဥက္ကဋ္ဌ။ ဦးစိုင်းနု တင်သွင်းသော အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးပို့ဖြစ်ပါတယ်။ အဆိုကို ဖေဖော်ဝါရီလ (၂၉)ရက်နေ့ (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။

## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့(၂၉.၂.၂၀၁၂) ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ဆက်လက်ပြီး၊ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)သည် "ပြည်နယ်အတွင်းဓါတ်သတ္တုရှာဖွေ စမ်းသပ်တူးဖော်သူများ၏ တပိုင်တနိုင်အသေးစားထုတ်လုပ်မှုများအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုနိုင်ရေးစိစစ်ဆောင်ရွက်သင့်ပါကြောင်း" အဆိုကိုဆွေးနွေးမဲ့ ကိုယ်စားလှယ်အမည်စာရင်း ပေးပို့ထားပါတယ်။ ဒါကြောင့် ရှေးဦးစွာ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသောင်းရွှေ က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

ဦးသောင်းရွှေ(ကလောမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကလောမြို့နယ်အမှတ်(၁)မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွန်ဟိန်းမြို့နယ်၊ အမှတ်(၂)မဲဆန္ဒနယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ် လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစားထုတ်လုပ်နေမှုများအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရေးအဆိုကိုထောက်ခံဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ နိုင်ငံတော်အစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့အသစ်တို့ရဲ့ အသွင်ကူးပြောင်း ကနဦးအပိုင်းကာလမှာ စီးပွားရေးအလုပ် အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာတာနဲ့အမျှ ရှမ်းပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားများအနေနှင့် ရွှေနှင့်အခြားဓါတ်သတ္တုစမ်းသပ် ရှာဖွေလုပ်ကိုင်ရေးကို စွန့်စားလုပ်ကိုင်လာကြပါတယ်။

ဒီလိုလုပ်ကိုင်ကြရာမှာ ပြည်နယ်အစိုးရထံသို့ လုပ်ကိုင်လိုတဲ့ လုပ်ကွက်နေရာအား မြေရာဇဝင်စစ်ဆေးခွင့်နှင့် မြေစာရင်းပုံစံ(၁၀၅)ရေးဆွဲခွင့်ရရှိရေး ဦးစွာတင်ပြလျှောက်ထားပြီး မြေပုံစံ(၁၀၅)ရရှိပါကသတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားရပါတယ်။ ဒီလိုလျှောက်ထားရာမှာ ရွှေသတ္တုတူးဖော်လုပ်ကိုင်ခွင့်ကို အသေးစားလုပ်ကွက်(၁)ခုလျှင် ဧက(၂၀)ဖြင့် လျှောက်ထားရပြီး လုပ်ကိုင်ခွင့်ရရှိပါကစမ်းသပ်ကာလဟူ၍ မရှိတော့ပဲ နိုင်ငံတော်ဘဏ္ဍာအခွန်သို့ သတ်မှတ်နှုန်းအတိုင်း(၁)နှစ်စာအတွက်အပြီးငွေပေးသွင်းစာချုပ်ပြီးမှ လုပ်ကိုင်ခွင့်ရှိပါတယ်။ ဒါကြောင့် ရွှေသတ္တုရှာဖွေ လုပ်ကိုင်ခြင်းဟာမြေအောက်မှာ ကြိုတင် မမြင်ရတဲ့ သယံဇာတကို စွန့်စားရင်းနှီး လုပ်ကိုင်ရဲတာကြောင့်တစ်ဘက်မှာလည်းလုပ်ကိုင်သူများကို လုပ်သာကိုင်သာ ရှိစေမည့်အခွင့်အလမ်း အခြေအနေများရှိအောင် ဖန်တီးပေးနိုင်ပါကပိုမိုအကျိုးရှိ အောင်မြင်စေမှာဖြစ်ပါတယ်။ ဤနေရာမှာ အလျဉ်းသင့်လို့ ရှမ်းပြည်နယ်၊ ကလောမြို့နယ်အတွင်းမှာ တွေ့ကြုံရတဲ့ အခြေအနေတစ်ရပ်အပေါ် အခြေခံပြီးတင်ပြ လိုပါတယ်။ ကလောမြို့နယ်၊ ရွှေမင်းဖုန်းကျေးရွာအုပ်စု နယ်မြေအတွင်းမှာ ဒေသခံတိုင်းရင်းသားများ ခေတ်အဆက်ဆက်က လက်လုပ်လက်စားဘဝများဖြင့် မှီတင်းခိုလှုံလုပ်ကိုင်စားသောက် နေလာခဲ့ကြတဲ့ပုံကျရွှေလုပ်ကွက် (၁)နေရာတစ်ခုမှာ ဒေသခံကုမ္ပဏီယ် (၃)ခု တို့က အသေးစားလုပ်ကွက်(၁)ခုစီဖြင့် တရားဝင်လုပ်ကိုင်ခွင့်ရရှိရေးလုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြလျှောက်ထားခဲ့ကြပါသည်။ ဒေသခံများ မိခိုလုပ်ကိုင်စား နေရာမှာလည်းတင်ပြလျှောက်ထားတဲ့ အသေးစားလုပ်ကိုင်(၃)ခု နယ်မြေအတွင်းမှာသာဖြစ်တဲ့အတွက် အဆိုပါကုမ္ပဏီယ်များအနေဖြင့် လုပ်ကိုင်ခွင့်ရရှိပါက မူလရှိနှင့်နေပြီးသားဖြစ်တဲ့ ဒေသခံများနှင့် ပိုနေမဲကျားနေမြဲလက်တွဲ လုပ်ကိုင်သွားရန်ပဲ ဖြစ်ပါတယ်။

အဲဒီအခြေအနေမှာ အခြားဒေသမှ ကုမ္ပဏီကြီး(၄)ခုနှင့် ဖွဲ့စည်းထားတဲ့ အင်အားကြီး ကုမ္ပဏီအုပ်စုကြီး(၁)ခုက ဒေသခံကုမ္ပဏီငယ်များ လျှောက်ထားနေတဲ့ လုပ်ကွက်ငယ်(၃)ခုအပေါ်မှာလွှမ်းမိုးပြီး ဧရိယာ(၆၇၂၀)ကေခန့်ကို လေလံစနစ်ဖြင့်ဝင် ရောက်လာခဲ့ပါတယ်။ ၎င်းတို့အနေနဲ့ နိုင်ငံတော်သို့ (၅)နှစ်အတွက် ရွှေသတ္တု(၂ - ၂၀၅၈)တန်ပေးသွင်းရန် အကြောင်းပြချက်ဖြင့် ဝင်ရောက်လာတာ ဖြစ်တဲ့အတွက် အသေးစားလုပ်ကွက်လျှောက်ထားတဲ့ ဒေသခံကုမ္ပဏီငယ်များအနေနဲ့ နိုင်ငံတော်သို့အခွန်ပိုမိုများပြားစွာ ပေးသွင်းမည့်တာဝန်ကို အသိအမှတ်ပြုသောအားဖြင့် မိမိတို့ပိုံစံ( ၁၀၅ )ရရှိထားသော လျှောက်ထားဆဲလုပ်ကွက်နေရာများအား လက်လွှတ်ဆုံးရှုံးပေးခဲ့ရတဲ့အနေအထားမျိုး ရောက်ရှိခဲ့ရပါတယ်။ အဆိုပါလေလံကုမ္ပဏီကြီးအနေဖြင့် လေလံစနစ်မဆောင်ရွက်မီ လုပ်သင့်လုပ်ထိုက်သော မြေပြင်သို့ ကွင်းဆင်းလေ့လာပြီး၊ ၎င်းတို့ပေးသွင်းရမည့် ရွှေတန်ပမာဏကိုအမှန်တကယ်ပေးသွင်းနိုင်ခြင်း ရှိ/မရှိ အသေအခြာလေ့လာ စမ်းသပ်တွက်ချက်ဆောင်ရွက်ခဲ့ခြင်းမရှိပဲ လုပ်ငန်းအဆင့်များ ကျော်လွှန်ဝင်ရောက်လာခြင်းကြောင့် မြေပြင်တွင် အမှန်တကယ်လုပ်ကိုင်နိုင်သည့် အခါနိုင်ငံတော်သို့ ပေးသွင်းရမည့် ရွှေသတ္တုတန် ပမာဏအခြားအခွန်အခစရိတ်များ၊ ထုတ်လုပ်မှု ကုန်ကျစရိတ်များ ပေါင်းစပ်လိုက်သည့်အခါ ကုန်ကျစရိတ်ပမာဏမှ များပြားလွန်းသည့်အပြင် ၎င်းတို့ကုမ္ပဏီ အကျိုးစီးပွားအတွက်ပါ ဦးစားပေး၍ တွက်ခြေကိုက်အောင် မဖြစ်မနေ လုပ်ဆောင်ကြရတဲ့အတွက် ဒေသခံများနှင့် ညှိနှိုင်းအဆင်မပြေတော့ပဲ ပဋိပခများဖြစ်ပေါ် လာတာကို တွေ့မြင်ရပါတယ်။ လေလံကုမ္ပဏီကြီးများမှာ စက်ယန္တရားကြီးများကို အသုံးပြုသောကြောင့်သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများပြားပြီး ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးကာ စားဝတ်နေရေးကြပ်တည်း ဒုက္ခရောက်လာခဲ့ကြတာကို တွေ့မြင်ရပါတယ်။

ထို့ပြင်အကြီးစားလေလံစနစ်ဖြင့် ဝင်ရောက်လာသောကုမ္ပဏီကြီးများအနေဖြင့် နိုင်ငံတော်၏ လမ်းညွှန်ချက်ဖြစ်သော လုပ်ထုံးလုပ်နည်းစနစ်များတွင် ပွင့်လင်းမှုနှင့် ထင်သာမြင်သာ ရှိစေမှုအင်္ဂါရပ်များ အားနည်းနေသဖြင့်ဒေသခံများနှင့် သံသယပဋိပခများ ပိုမိုဖြစ်ပေါ်ရသည်ဟု သုံးသပ်ရပါသဖြင့် နောင်တွင် ပြည်နယ်အတွင်းသို့ လေလံကုမ္ပဏီကြီးများ ဝင်ရောက်လာသည့်အခါ စနစ်ကျသော ကြိုတင်ပြင်ဆင်လေ့လာမှု၊ ရှင်းလင်းမြင်သာသော လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နယ်အစိုးရသို့ ကြိုတင်ဆက်သွယ်ဆောင်ရွက်မှု၊ ဒေသခံများရှိနေပါက တစ်လက်သက်နစ်နာမှုများ မဖြစ်စေရန် ကြိုတင်အပြန်လှန်ညှိနှိုင်းမှုစသည် စနစ်များဖြင့်ဆောင်ရွက်ပါက ဒေသတွင်း မလိုလားအပ်သောပဋိပက္ခ ဆိုးကြိုးများ မဖြစ်ပေါ်စေရန်ကာကွယ်ပေး နိုင်မှာဖြစ်ပါတယ်။ ထို့အပြင် ထိုသို့ဆောင်ရွက်စေခြင်းအားဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်မူဝါဒဖြစ်တဲ့ ယခင်ကကျင့်သုံးခဲ့သော TOP, DOWN အပေါ်မှ အောက်သို့ တိုက်ရိုက်ချပေးခိုင်းစေပြီး စနစ်ကိုရှောင်ကြဉ်ပြီး၊ BOTTOM, UP အောက်ခြေမြေပြင်တွင် ကြိုတင်လေ့လာညှိနှိုင်းပြီး သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်သည့်စနစ်ကို လိုက်နာကျင့်သုံးရာလည်း ရောက်စေမှာဖြစ်ပါတယ်။

၎င်းအပြင် ရွှေသတ္တုထုတ်လုပ်သည့်အခါ ဆိုဒီယမ်ဆိုက်ရာနိုက်မသုံးလျှင် မဖြစ်သောဓါတုပစ္စည်း တစ်မျိုးဖြစ်ပါတယ်။ ၎င်းဆိုဒီယမ်ဆိုင်ရာနိုက်မှာ မသုံးလျှင် ရွှေပါသောမြေ၊ ရွှေပါသောကျောက်ခဲမှ ရွှေ(၂၅)ရာခိုင်နှုန်းသာ ထုတ်ယူနိုင်ပြီး၊ ဆိုဒီယမ်ဆိုင်ရာနိုက်သုံးခွင့်ရပါက ၈၅ % အထိ ထုတ်ယူနိုင်ပါတယ်။

ရွှေလုပ်ကွက်များတွင် ဆိုဒီယမ်ဆိုင်ရာနိုင်ကို တရားမဝင်သုံးစွဲနေကြသည်မှာ တွင်တွင်ကျယ်ကျယ်ဖြစ်ပါတယ်။ မသုံးသော ရွှေလုပ်ကွက်မရှိသလောက်ပင် ဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနမှ ဝန်ထမ်းများလည်း အသိပင်ဖြစ်ပါတယ်။ ဆိုဒီယမ်ဆိုင်ရာနိုက်မှာ မူးယစ်ဆေးဝါးကဲ့သို့သုံးချင်သလိုသုံး၍ရသော ဓါတုပစ္စည်း မဟုတ်ပါ။ အဆိုပါဓါတုပစ္စည်းကို တရားမဝင်ဟုသတ်မှတ်ထားပါက ရွှေတူးဖော်လုပ်ကိုင်သူများနှင့် သတ္တုဝန်ထမ်းများအပေးအယူလုပ်စရာတစ်ခုမျှသာ ဖြစ်နေပါလိမ့်မယ်။ တရားဝင်စနစ်တကျသုံးစွဲပြီးစနစ်တကျစွန့်ပစ်စေပါကပို၍ သင့်လျော်မည်ဟု ယူဆပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်အစိုးရအနေဖြင့် ဒေသခံကုမ္ပဏီများကို အသေးစားလုပ်ကွက်များလုပ်ပိုင်ခွင့်ရရှိစေရေး စနစ်တကျစိစစ်ချထားပေးသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်သွားနိုင်ပါက အောက်ပါကျေးဇူးများ ဖြစ်ပေါ်လာနိုင်မည် ဖြစ်ပါတယ် -

(၁) အသေးစားလုပ်ကွက်တွင်စက်ယန္တရားများအသုံး မပြုပဲလုပ်အားဖြင့်သာ လုပ်ကိုင်ရသည့်အတွက် သဘာဝတောတောင်ပတ်ဝန်းကျင် ပြုန်းတီး ပျက်စီးမှု အနည်းဆုံးဖြစ်ပေါ်စေပြီး ဒေသခံများအလုပ်အကိုင်အခွင့် အလမ်းများ ရရှိစေခြင်း။

(၂) အလုပ်အကိုင်များတွင် ရွှေသတ္တုတူးဖော်သည့်လုပ်ငန်းအပြင် အခြားဝန်ဆောင်မှု လုပ်ငန်းများဖြစ်သည့် ကျန်းမာရေး၊ စားသောက်ရေး၊ ဈေးရောင်းခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ရေပေးဝေရေး၊ လုပ်ငန်းသုံးပစ္စည်းများရောင်းချခြင်းစသည့် အခွင့်အလမ်းများပါဖြစ်ပေါ်လာသည့်အတွက် အသေးစားလုပ်ကွက်(၁)ခုလျှင် ဒေသခံလူဦးရေ သောင်းနှင့်ချီပြီး မှီခိုလုပ်ကိုင်လာနိုင်ခြင်း၊

(၃) ထိုသို့မှီခိုလုပ်ကိုင်နိုင်သဖြင့် တစ်ဦးချင်းဝင်ငွေများရရှိလာပြီး နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းစဉ်ကို အထောက်အကူ ဖြစ်စေနိုင်ခြင်း၊

(၄) ဒေသခံတိုင်းရင်းသားများအနေဖြင့်ကုမ္ပဏီဖွဲ့စည်း၍ စနစ်တကျလုပ်ကိုင်တတ်သည့် အလေ့အကျင့်ရရှိစေပြီး၊ ဒေသတွင်းတွင် လုပ်ကိုင်ရသည့်အတွက် အရင်းအနှီးလေလွင့်မှု သက်သာစေသော တပိုင်တနိုင်လုပ်ကိုင်အောင်မြင်စေခြင်း၊

(၅) ဒေသခံများဖြစ်၍ မိမိအကျိုးနှင့်အတူဒေသ၏ ဖွံ့ဖြိုးရေးအကျိုးကိုပါ အပြန်အလှန် အထောက်အကူ ပြုစေနိုင်ခြင်း၊

(၆) ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့်နိုင်ငံတော်သို့ တရားဝင် အခွန်ပေးဆောင်လုပ်ကိုင် ရသည့်ဥပဒေဘောင်အတွင်း လုပ်ငန်းများအပေါ် ပိုမိုယုံကြည်ထားကာ စွန့်စားလုပ်ကိုင်လိုစိတ် ပိုမိုမြင့်အား အောင်ကြိုတင်အားပေးရာရောက်စေခြင်းတို့ဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်အကျိုး ပြည်နယ်ဒေသခံတိုင်းရင်းသားများ အကျိုးကျေးဇူးကို အမှန်တကယ် ဖြစ်ထွန်းစေနိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု အဆိုပြုတင်ပြထားသည့် ပြည်နယ် အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေထုတ်လုပ်၊ လုပ်ကိုင်လိုသူများ၏ တပိုင်တနိုင်အသေးစားထုတ်လုပ် လိုမှုများအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ပေးခွင့်ပြု နိုင်ခဲ့လျှင် ဓါတ်သတ္တုအမျိုးပေါင်း စုံလင်စွာပေါကြွယ်ဝသော ရှမ်းပြည်နယ်၏ တိုးတက်မှုကိုအနေအထား တစ်ခုသို့ ရောက်အောင်သတ္တုကဏ္ဍမှ ထိရောက်စွာ ပံ့ပိုးပေးနိုင်မည်ဟုယူဆပါတယ်။ သို့ဖြစ်ပါ၍ ဦးစိုင်းနု၏ အဆိုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကအလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ မည်ဆိုလျှင် ယင်းအဆိုပြုချက်သည် ရှမ်းပြည်နယ်အတွက် ကျယ်ပြန့်သော ကြီးမားသော အဆို(၁)ခု ဖြစ်လာမည်ဖြစ်ကြောင်း အပြည့်အဝ ထောက်ခံတင်ပြအပ်ပါသည်ခင်ဗျား။ [ သြဘာသံများ ]

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်းပြီးမဘိမ်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန့်ဇင်ဦးက ဆက်လက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးသန့်ဇင်ဦး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာပထမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဦးဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်မဲဆန္ဒအမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု၏“ ပြည်နယ်အတွင်း ဓါတ်သတ္တု စမ်းသပ်ရှာဖွေဖော်ထုတ် လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစား ထုတ်လုပ်လိုသူများအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရေး” အဆိုအား ဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် မြို့နေလူထုနှင့်ကျေးလက်နေ လူထုအားအချိုးတွက်ကြည့်ပါက ကျေးလက်နေပြည်သူ လူထုများတွင်လည်း လယ်ယာလုပ်ငန်းကို အားပေး အသက်မွေးဝမ်းကျောင်းပြုကြသည့် တောင်သူလယ်သမား အများစုဖြစ်ပါသည်။၄င်းတောင်သူ အများစုမှာ လယ်ယာလုပ်ငန်းစိုက်ပျိုးပြီး ထွန်တုံးပိတ်ချိန်တွင် လုပ်ငန်းမရှိ၍ ရွှေထွက်ရှိရာ ချောင်း၊ မြောင်းများတွင်အုပ်စုလိုက် မိသားစုစီးပွားရေးအတွက် အပိုငွေရရှိရန် လုပ်ကိုင်ကြသည့် အစဉ်အလာ

ရှိပါသည်။ ရွှေသတ္တုတူးဖော်ရာတွင် အကြီးစား၊ အသေးစားလုပ်ကွက်များနှင့်တပိုင်တနိုင်လက်လုပ်လက်စားဟူ၍ ခွဲခြားထားသည်ကိုတွေ့ရှိရပါသည်။ အကြီးစားလုပ်ကွက်များအနေဖြင့် ဧက(၅၀)ထိလည်းကောင်း အသေးစားလုပ်ကွက်တစ်ကွက်လျှင်(၀ . ၅၀)ဧကဖြင့် လူ(၁)ဦးလျှင် လုပ်ကွက်(၃)ကွက် (၁. ၅၀) ဧကထိ လုပ်ကိုင်ခွင့်ပြုကြောင်း လေ့လာသိရှိရပါသည်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိမိတို့မဘိမ်းမြို့နယ်တွင် ယခင်က ကုန်သွယ်ရေးဝန်ကြီးဌာန၏ (၃-၅-၁၉၉၁)ရက်စွဲပါစာအမှတ်၊ ၃၉ဇ/၉၁/ဦးကအရ ၁၉၉၁ ခုနှစ်မှစ၍ ရွှေဝယ်ယူရေးကြီးကြပ်မှု ကော်မတီဖွဲ့စည်းလျက်(၁)လုံးထိန်း အင်ဂျင်စက်တပ်အသုံးပြုသည့်စီးပွားဖြစ်ရွှေထုတ် လုပ်ခွင့်(၀.၅၀)ဧက လုပ်ကွက်များအား စိစစ်ချက်လုပ်ကွက်(၁) ကွက် မှတ်ပုံတင်ကြေး (၁၀၀၀ိ/-) လိုင်စင်ကြေး (၁၀၀၀၀ိ/-) ကျပ်ထက်မနည်းသော အပိုငွေအား အထွေထွေကုန်ပစ္စည်းရောင်းဝယ်ရေးသို့ ပေးသွင်းစေကာ လိုင်စင်ချထားပေးပြီး ရွှေဝယ်ယူရေးလုပ်ငန်းများကို ကုန်သွယ်ရေးဝန်ကြီးဌာနမှ ရွှေဝယ်ကိုယ်စားလှယ်များခန့် ထားဆောင်ရွက်ခဲ့ပါသည်။

၎င်းအပြင် မိသားစုရွှေကျင်လုပ်ငန်းကလေးများ၊ လက်လုပ်လက်စားများ (၁)နှစ်သက်တမ်းအတွက် မှတ်ပုံတင်ကြေး(၁၀ိ/-)ပေးသွင်းစေလျက် လုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။ သို့သော်(၂၀၀၉)ခုနှစ်မှစ၍ သတ္တုတွင်းဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ငန်းအဖြစ် အသေးစားရွှေတူးဖော်ရေး လုပ်ငန်းများမှာ တရားမဝင်ရွှေခိုးတူးထုတ်လုပ်သည့် လုပ်ငန်းအဖြစ်သက်ရောက်သွားရာ လုပ်ငန်းခွင်အား လပ်ချိန်မိသားစု အပိုဝင်ငွေရရှိရန် လုပ်ကိုင်နိုင်တော့ခြင်း မရှိတော့သဖြင့် ၎င်းတို့၏ မိသားစုလူမှုစီးပွားရေးဘဝ ထိခိုက်မှုရှိသည်ကိုတွေ့ရှိရပါသည်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား မိမိလေ့လာမှု အရအချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်တပိုင်တနိုင်လုပ်ကိုင်ခွင့်များချထားပေးသည်ကိုတွေ့ရှိရပါသည်။၎င်းအပြင်တပိုင် တနိုင်ရွှေလုပ်ကွက်များအား တိုင်းဒေသကြီးအဆင့်သို့ လုပ်ကိုင်ခွင့်ရရှိနေသည်ကိုလည်း လေ့လာတွေ့ရှိပါသည်။ မိမိအနေဖြင့် ၂၉-၈-၂၀၁၁ ရက်နေ့တွင် (၁)ကြိမ်၊ ၂၁-၁၁-၂၀၁၁ ရက်နေ့တွင် (၁)ကြိမ် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တစ်ပိုင်တနိုင်ရွှေတူးဖော်ခွင့် ခွင့်ပြုရန်တင်ပြခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၃၀-၁၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊(၂၀၂)/၃/၃-ဖ၀ဖ/အစရ(ရှမ်း)ဖြင့် တပိုင်တနိုင်ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများအား အကြောင်းကြားလာပါသည်။ ၎င်းလုပ်ဆောင်ရမည့် လုပ်ငန်းများအား လေ့လာကြည့်ရာ အသေးစားရွှေထုတ် လုပ်ခွင့်လုပ်ငန်းများ အတိုင်းဖြစ်နေသဖြင့် ကုမ္ပဏီများအနေဖြင့် ၎င်းကုန်ကျငွေအား အကုန်ကျခံနိုင်သော်လည်း တပိုင်တနိုင်ရွှေတူးဖော်ရန် လျှောက်ထားသူများအနေဖြင့် လုပ်ငန်းများ လုပ်ဆောင်ရာယခင်နည်းလမ်းများအတိုင်း မိမိမြို့နယ်မှ တောင်ကြီး၊ လားရှိုး၊ ကျောက်မဲသို့ မြေရာဇဝင်စိစစ်ခြင်း၊ မြေစာရင်းပုံစံ(၁၀၅)ရေးဆွဲခြင်းစသည့် လုပ်ငန်းများအတွက် (၃)ကြိမ်ခန့်အသွားအပြန် ဆောင်ရွက်နေရပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် အချို့ဌာနများမှ လုပ်ဆောင်ရာကြန့်ကြာမှုများရှိနေ၍ မလိုလား အပ်သောအချိန်၊ ငွေကြေးကုန်ကျမှုကြီးမားစွာကြုံတွေ့နေရပါသည်။ ၎င်းအတွက်

တပိုင်တနိုင်သတ္တုတူးဖော်လိုသူများအနေဖြင့် တရားဝင်လိုင်စင်ရရှိရန်မှာ ကုမ္ပဏီကြီးများကဲ့သို့ မတတ်နိုင်သဖြင့် တရားဝင်လုပ်ကိုင်ခွင့်ရရှိခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား တပိုင်တနိုင်သတ္တုတူးဖော်ရာတွင်လည်း (၀.၅၀)ဧကအတွက် သတ္တုတွင်းဝန်ကြီးဌာနသို့(၁)နှစ် အတွက်သတ္တုတူးခွန်(၂) သိန်း၊ မြေငှားရမ်းခ(၆၀၀၀/-) ပေးသွင်းရမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ၎င်းအတွက် လုပ်ကွက်များချပေးခြင်းအားဖြင့် နိုင်ငံတော်တွင် တပိုင်တနိုင် အပိုဝင်ငွေတိုးတက်လာမည်ဖြစ်ပါသည်။ တရားမဝင်ရွှေတူးဖော်ပါက နိုင်ငံတော်မှ ရရှိမည့် အခွန်ဝင်ငွေမရရှိနိုင်သလို ၎င်းတရားမဝင်ရွှေတူးဖော်သူများအား ဥပဒေအရ အရေးယူဆောင်ရွက်ရာတွင်လည်းအခက်အခဲများစွာ ရှိနေသည်ကိုတွေ့ရှိရပါသည်။ ရွှေတူးဖော်ရာဒေသများသည် မြို့၊ ကျေးရွာများနှင့် အလှမ်းဝေးကွာခြင်း၊ တူးဖော်နေသူများသည် စီးပွားရေးအရနှိမ့်ကျနေသည့် တောင်သူလယ်သမား လက်လုပ်လက်စားသမားများ ဖြစ်နေခြင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ တပိုင်တနိုင်ရွှေတူးဖော်လျှောက်ထားရာတွင် (၃)ကြိမ်ခန့် လုပ်ငန်းလုပ်ဆောင်ရွက်ရသော်လည်း နောက်ဆုံးအဆင့်တွင် သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်သို့လိုအပ်သော အထောက်အထားအပြည့်အစုံဖြင့် သွားရောက်ရပါသည်။ ၎င်းအတွက်အချိန်နှင့် ငွေကြေးအကုန်အကျများရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တပိုင်တနိုင်သတ္တုတူးဖော်ရေးလုပ်ငန်းအားစိစစ်၍ လုပ်ကိုင်ခွင့်ချပေးပါက အချိန်အားဖြင့် ၎င်းငွေကြေးအားဖြင့် ဆုံးရှုံးမှုလျော့နည်းသွားမည့်အပြင် နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွက် ဝင်ငွေတိုးတက် ရရှိလာမည်ဖြစ်ပါသည်။ ၎င်းအပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါ၍ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနုအဆိုအားဆောင်ရွက်သင့်ပါကြောင်းထောက်ခံ တင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ [ သြဘာသံများ ]

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်းပြီးမဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဇော်က ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဦးဇော်ဇော်(မဘိမ်းမဲဆန္ဒနယ်အမှတ်-၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု၏ “ပြည်နယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ်လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစား လုတ်လုပ်လိုမှုများအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရေး စိစစ်ဆောင်ရွက်သင့်ပါကြောင်း” အဆို

ကိုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်သည် ရွှေထွက်ရာ ဒေသများစွာရှိပါသည်။ရွှေထွက်ရာဒေသများဖြစ်သော်လည်း ဒေသခံများမှာ ရွှေသတ္တုတူးဖော်ခွင့်အား ရရှိခဲ့ခြင်း မရှိဖြစ်ခဲ့ပါတယ်။ မဘိမ်းမြို့နယ်တွင်လည်း ရွှေသတ္တုတူးဖော် သောကုမ္ပဏီပေါင်း(၁၂)ခု၊ လုပ်ကွက်ပေါင်း(၂၈)ကွက်၊ လျှောက်ထားဆဲကုမ္ပဏီနှင့် လုပ်ကွက်များစွာလည်း ကျန်ရှိနေပါသည်။ ဒေသခံများမှ ရွှေထွက်ရာမြေမှာနေပြီး၊ ရွှေရေစိမ်ထားသောရေကိုသောက်နေရသော်လည်း ရွှေတူးဖော်စားသောက်ခွင့်မရှိပဲ ကုမ္ပဏီများမှရွှေတူးနေသည်ကိုသာ ထိုင်ကြည့်နေရပါသည်။

ရွှေသတ္တုတူးဖော်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုအား လက်ရှိတူးဖော်ခွင့်ရရှိသောကုမ္ပဏီများမှာ ခံစားရမှာမဟုတ်ဘဲ ဒေသခံပြည်သူများသာ ခံစားရမှာဖြစ်ပါတယ်။ ကုမ္ပဏီများရွှေသတ္တုတူးဖော်ခြင်းသည်ဒေသခံများအတွက် အကျိုးမရှိခြင်းကြောင့် ဒေသခံများရွှေသတ္တုတူးဖော်ခွင့်ရှိမှသာလျှင် ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်မြင့်မားလာမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေဖြင့် တပိုင်တနိုင်ရွှေသတ္တုတူးဖော်ခွင့် လွယ်ကူစွာ ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာပြီး လူနေမှုဘဝမြင့်မားလာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအနေဖြင့် တပိုင်တနိုင်ရွှေသတ္တုတူးဖော်ခွင့်ကို လွယ်ကူလျှင်မြန်စွာဆောင်ရွက်ပေးမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ ဆန္ဒကို ဖြည့်ဆည်းပေးခြင်းမည်ပါသည်။ ထို့အတွက် ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနု၏ “ပြည်နယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ်လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစား ထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစီစစ်ဆောင်ရွက်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရေး စီစစ်ဆောင်ရွက်သင့်ပါကြောင်း” အဆိုအား ဆောင်ရွက်သင့်ပါကြောင်း ဖြည့်စွက်ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ [သြဘာသံများ]

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး မှ ဆွေးနွေး ရှင်းလင်းပေးပါရန် ဖိတ်ခေါ် အပ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့်သတ္တုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းနဲ့ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းမေတ္တာပို့သအပ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနုက အဆိုတင်သွင်း သွားပါတယ်။ သူ့ရဲ့အဆိုအရ “ပြည်နယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေ ဖော်ထုတ်လုပ်ကိုင်သူများ၏ တပိုင်တပိုင်အသေးစား ထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်

ဆောင်ရွက် ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်သွားသင့်ပါကြောင်း"အဆိုနဲ့ စပ်လျဉ်းပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီး ကျွန်တော် ဦးစိုင်းအိုက်ပေါင်း မှ ယင်းအဆိုနှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဓါတ်သတ္တုများ အသေးစား (သို့မဟုတ်)အကြီးစား တူးဖော်ခြင်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဥပဒေပြဋ္ဌာန်း ပိုင်ခွင့်ရှိသော အခြေခံဥပဒေဇယားနှစ်တွင် ပါရှိခြင်း မရှိပါ။သို့သော် ရှမ်းပြည်နယ်အစိုးရ သည် ကုမ္ပဏီများမှ တူးဖော်လိုသော သတ္တုလုပ်ကွက်များအတွက် မြေရာဇဝင်စိစစ်ခြင်း၊ မြေစာရင်း ပုံစံ(၁၀၅)ရေးဆွဲခွင့်ပြုခြင်း၊ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးမှ ထောက်ခံချက်ပေးခြင်း၊ ရှမ်းပြည်နယ် အစိုးရ၏ ထောက်ခံသဘောထားပေးခြင်းစတဲ့လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အသေးစား သတ္တုလုပ်ကွက်ဆိုရာမှာ ရွှေမှအပ အခြားသတ္တုများကို အသေးစားလုပ်ကွက်(၁)ကွက်လျှင် ဧက(၅၀) အောက်သတ်မှတ်ထားပြီး ရွှေလုပ်ကွက်အသေးစား တစ်ကွက်လျှင် ဧက(၂၀)သတ်မှတ်ထားပါတယ်။

ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းသော အဆိုအား လွှတ်တော်ကိုယ်စားလှယ်များ၏ အတည်ပြုဆုံးဖြတ်ချက်အရ ရှမ်းပြည်နယ်အစိုးရအတွက် သင့်တော် သောနှုန်းထားများဖြင့် ရန်ပုံငွေများ ပံ့ပိုးခြင်းဆောင်ရွက်ခဲ့ပါတယ်။ လေ့လာတွေ့ရှိချက်များအရ မန္တလေး တိုင်းဒေသကြီးတွင် မိုးကုတ်မြို့နယ်၌ ရတနာတူးဖေါ်ခြင်းလုပ်ငန်းကို လက်လုပ်လက်စားအဖြစ် လူတစ်ဦးလျှင်(၁)ဧကနှုန်းဖြင့် ခွင့်ပြုကြောင်း လေ့လာသိရှိရပါသည်။ ထိုလုပ်ကွက်(၁)ဧကအတွက် ပြည်ထောင်စုဘဏ္ဍာတော်အတွက် (၅)သိန်းကျပ်နှုန်းပေးဆောင်ရကြောင်း လေ့လာတွေ့ရှိရပါတယ်။ ရွှေနဲ့ဓါတ်သတ္တုတူးဖေါ်ခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်တွင် ငွေကြေးတတ်နိုင်သော လုပ်ငန်းရှင် ကုမ္ပဏီကြီးများကသာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။ကျေးလက်နေ ပြည်သူများသည် မိမိဒေသတွင် ရွှေနဲ့အခြားအဖိုးတန်သတ္တုများရှိကြောင်း သိရှိသော်လည်း လုပ်ပိုင်ခွင့်မရပဲ ဆင်းရဲမြဲဆင်းရဲ လျက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။

ထို့ကြောင့် နိုင်ငံတော်ရဲ့ မူဝါဒနဲ့အညီ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေးနဲ့ ဒေသ ဖွံ့ဖြိုးရေးအတွက် တပိုင်တနိုင်လက်လုပ်လက်စား ခွင့်ပြုသင့်သည်ဟု ယူဆပါသည်။ သို့သော် ပေးသွင်း သော ငွေကြေးများကို ပြည်ထောင်စုဘဏ္ဍာသို့ အခြားတိုင်းဒေသကြီးများနည်းတူ ပေးသွင်းစေသင့်ပါ ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရရဲ့ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေး ရံပုံငွေကိုလည်း ထိုက်သင့်သလို ပေးသွင်းသင့်ပါကြောင်း တင်ပြအပ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ်သည်သာ ဒါနကျသောကြောင့် လွှတ်တော်ရဲ့ဆုံးဖြတ်ချက်သာ ခံယူ သင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ [ **သြဘာသံများ** ]

ဥက္ကဋ္ဌ။ အဆိုနဲ့စပ်လျဉ်းပြီး ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးသွားပြီးတော့မှ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးကလည်း ကြောင်းကျိုးဖော်ပြချက်နှင့်တကွ ရှင်းလင်းဆွေးနွေးသွားတာ တွေ့ရပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ရဲ့ဆန္ဒကို ရယူမှာဖြစ်ပါတယ်။ ဦးစိုင်းနုကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "ပြည်နယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေ ဖော်ထုတ်လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစား ထုတ်လုပ်လိုမှုများအား သက်ဆိုင်ရာအစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်သင့်ပါကြောင်း " အဆိုနဲ့စပ်လျဉ်းပြီး ယခုပြည်နယ်လွှတ်တော်ရဲ့ ဆန္ဒကိုရယူမှာ ဖြစ်ပါတယ်။ဒီအဆိုကို အတည်ပြုချက်ရနိုင်ရန်အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။အဆိုကို အတည်ပြုရန်အတွက် လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။ "

**( ၃ ကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်)**

လွှတ်တော်က သဘောတူတဲ့အတွက် "ပြည်နယ်အတွင်း ဓါတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ်လုပ်ကိုင်သူများ၏ တပိုင်တနိုင်အသေးစား ထုတ်လုပ်လိုမှုပြုနိုင်ရေး စိစစ်ဆောင်ရွက်သင့်ပါကြောင်း" အဆိုကို အတည်ပြုကြောင်း ကြေငြာအပ်ပါတယ်။ [ သြဘာသံများ ]